ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

စီမံရေးရာအမိန့်စာအမှတ် ၀၆၃၅ / ၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

## Car Sale Center / Show Room ကတ်များ ခွင့်ပြုထုတ်ပေးရာတွင် ကောက်ခံမည့် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများ ထုတ်ပြန်ခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ Car Sale Center / Show Room ကတ်များ ခွင့်ပြုထုတ်ပေးရာတွင် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးများအား အောက်ပါအတိုင်း ကောက်ခံသွားရန်ဖြစ်သည်-

| | |
|---|---|
| (က) မှတ်ပုံတင်ကြေး | ၁၀၀၀၀၀/- ကျပ် |
| (ခ) သက်တမ်းတိုးကြေး | ၅၀၀၀၀/- ကျပ် |
| (ဂ) ပြင်ဆင်ကြေး (ပြင်ဆင်ချက်တစ်ချက်လျှင်) | ၁၀၀၀၀/- ကျပ် |
| (ဃ) မိတ္တူမှန်ကြေး | ၃၀၀၀၀/- ကျပ် |

၂။ Car Sale Center / Show Room ကတ်များ ခွင့်ပြု ထုတ်ပေးရာတွင် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးများအား သတ်မှတ် လုပ်ထုံးလုပ်နည်းနှင့်အညီ ကောက်ခံပြီး နိုင်ငံတော်ရန်ပုံငွေစာရင်းသို့ စနစ်တကျ ပေးသွင်းရန် အမိန့်ထုတ်ပြန်လိုက်သည်။

(အခွင့်အာဏာ - ၁၇-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၂ / ၂၀၁၇) ကြိမ်မြောက် ဆုံးဖြတ်ချက်အရ)

ပုံ

ရန်နိုင်ထွန်း

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ကသရ(ဦး) စီမံ/၂၀၁၆-၂၀၁၇ (၃၂၄၃)

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

ဖြန့်ဝေခြင်း

ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုန်သွယ်ရေး/ကုန်သွယ်မှုလွယ်ကူစေရေးနှင့် စေ့စပ်ညှိနှိုင်းရေး)ဌာန

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၊ ရုံးလုပ်ငန်းအဖွဲ့

ညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုမူဝါဒဌာနခွဲ

ညွှန်ကြားရေးမှူး၊ ငွေစာရင်းဌာနခွဲ (သတ်မှတ်အခကြေးငွေများ လက်ခံဆောင်ရွက်ရန်)

ညွှန်ကြားရေးမှူး၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး (Commerce Journal တွင် ထည့်သွင်း ဖော်ပြရန်)

ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ (Website တွင် ထည့်သွင်း ဖော်ပြရန်)

ညွှန်ကြားရေးမှူး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ

ကြော်ငြာသင်ပုန်း

လက်ခံစာတွဲ

မျှောစာတွဲ

အမိန့်အရ ၂၆.၁.၂၀၁၇

( မြင့်သူရ )

ညွှန်ကြားရေးမှူး